## ဘိုကလေးမြို့က လူထု ဆန္ဒထုတ်ဖော်ပွဲ ၁,၀၀၀ ကျော် တက်ရောက်
## ၅ စက်တင်ဘာ ၂၀၀၇

ဘိုကလေးမြို့က ဆန္ဒပြပွဲမှာ မြို့နယ် အဲန်န်အယ်လ်ဒီဥက္ကဋ္ဌကို ဖမ်းသွားခဲ့ပေမယ့် ဆက်ပြီးတော့ တရားဟောတာ၊ ဆန္ဒပြတာတွေ လုပ်ခဲ့ပါတယ်။ လာနားထောင်တဲ့လူတွေကလည်း ၁,၀၀၀ ကျော်တယ်လို့ မျက်မြင်သက်သေတွေက ပြောပါတယ်။ ဒီအကြောင်း ဗီအိုအေမြန်မာပိုင်းအစီအစဉ်ရဲ့ ထိုင်းနိုင်ငံအခြေစိုက်သတင်းထောက် ဒေါ်အေးအေးမာက စုံစမ်း မေးမြန်း တင်ပြပေးထားပါတယ်။

လောင်စာဆီနဲ့ ကုန်ဈေးနှုန်းကျဆင်းရေး လူထုဆန္ဒထုတ်ဖော်ပွဲကို ဧရာဝတီတိုင်း၊ ဘိုကလေးမြို့မှာ ပြုလုပ်ခဲ့ရာမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဘိုကလေးမြို့နယ်ဥက္ကဋ္ဌ ထိန်းသိမ်းခံလိုက်ရကြောင်း ဧရာဝတီတိုင်း အတွင်းရေးမှူး ဦးဝင်းမြင့်က အခုလိုပြောပြပါတယ်။

> “ဘိုကလေးမြို့နယ်စည်းဥက္ကဋ္ဌ ဦးအောင်ခင်ပိုရယ်၊ တွဲဘက်အတွင်းရေးမှူး ဒေါ်မိမိစိန်၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်လေးရယ်၊ သူတို့တွေကဦးဆောင်ပြီးတော့ ဘိုကလေးမှာ တည်ငြိမ် အေးချမ်းစွာ ဆန္ဒ ဖော်ထုတ်ကြတယ်။ ဆန္ဒဖော်ထုတ်ကြတဲ့အခါကျတော့ ပြည်သူလူထုက ၁,၀၀၀ ကျော်လောက် ပါလာတယ်။ ဝိုင်းနားထောင်တယ်။ ဝိုင်းပြီးတော့ နားထောင်တဲ့အခါကျတော့ အခု ဦးအောင်ခင်ပိုကို သက်ဆိုင်ရာ အာဏာပိုင်ကနေပြီးတော့ ခေါ်သွားတယ်။ ခေါ်သွားတဲ့အခါကျတော့ ပြည်သူလူထုက ဦးအောင်ခင်ပိုကို ပြန်လွှတ်ပေးရမယ်၊ ပြန်လွှတ်မပေးမချင်း သူတို့ လူစုမခွဲဘူးပေ့ါဗျာ။”

ဘိုကလေးမြို့မှာ မြို့နယ်ဥက္ကဋ္ဌကို ပြန်မလွှတ်ပေးမချင်း လူစုမခွဲဘဲ ၁၂ နာရီခွဲကျော်အထိ လုပ်ခဲ့ပေမယ့်လည်း အာဏာပိုင်တွေဘက်က အတင်းအကျပ် ဖိအားပေးမှုတွေကြောင့် လူစုခွဲခဲ့ရပါတယ်။ ဒီ့နောက် မြို့နယ်ဥက္ကဋ္ဌကို မယကရုံးထဲမှာပဲ ထိန်းသိမ်းထားတယ်လို့လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောပါတယ်။ ဧရာဝတီတိုင်းအတွင်းမှာ ကြီးကြီးမားမား ဆန္ဒထုတ်ဖော်မှုတွေကိုပြုလုပ်တာဟာ ဒီရက်ပိုင်းအတွင်းမှာဆိုရင် နှစ်ကြိမ်ရှိခဲ့ပြီဖြစ်ပါတယ်။

လပွတ္တာမြို့နယ်မှာတော့ ဦးဆောင်ခဲ့သူ ကိုအောင်မိုးဝင်းအပါအဝင် သုံးဦးတို့ကို ဖမ်းဆီးခဲ့တဲ့အပြင် လူထုထဲကနေ နောက်ထပ် လေးဦးတို့ကိုလည်း ထပ်မံဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးခံရသူတွေဟာ ကိုအောင်မိုးဝင်းတို့ကို ဖမ်းဆီးတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေ၊ စွမ်းအားရှင်အဖွဲ့ဝင်တွေ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေဖြစ်တဲ့ ကိုထွန်းရင်တို့အုပ်စုကို တွန်းဖယ်ပြီး ဒါဟာ ပြည်သူတွေအတွက်လုပ်တာ၊ တားစရာမလိုဘူးဆိုပြီး ပြောခဲ့သူတွေဖြစ်တာကြောင့် သူတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်ပါတယ်။ ဖမ်းဆီးခံရသူတွေကတော့ ကိုပေါက်စ၊ ကိုဖိုးချို၊ ကိုမောင်ကျော်နဲ့ ကိုလှစိုးတို့ဖြစ်ပါတယ်။

ဒီလို ဆန္ဒထုတ်ဖော်နေသူတွေကို အကြမ်းဖက်နေတာနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။

> “ထိုအခါ အာဏာပိုင်များ၏ ကျောထောက်နောက်ခံပြုထားသောအဖွဲ့များက အကြမ်းဖက်သည့် နည်းလမ်းများဖြစ်သော အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရက်စက်စွာ ရိုက်နှက်ထိုးကြိတ်ခြင်း၊ နားမကြားဝံ့အောင် ယုတ်မာစွာ ဆဲရေးတိုင်းထွာခြင်း၊ အမျိုးသမီးများအား ကာအိန္ဒြေပျက်ပြားအောင် ဆက်ဆံခြင်း အစရှိသည်တို့ဖြင့် ရိုင်းပျ ကြမ်းတမ်းစွာ နှိမ်နင်းခဲ့ပါသည်။”

ကြေညာချက်ရဲ့အနှစ်သာရကတော့ စစ်တပ်ကအာဏာသိမ်းစဉ် ထုတ်ပြန်ခဲ့တဲ့ ၂/၈၈ ဥပဒေနဲ့ ဒီကနေ့ဆန္ဒပြသူတွေကို ထိန်းသိမ်းလို့မရဘူးဆိုတာကို ပြောထားကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဥာဏ်ဝင်းက ပြောပါတယ်။

“၂/၈၈ မှာက အဓိကအားဖြင့် အကြမ်းဖက်လိုသောသဘောနဲ့ ဆူပူအုံကြွလိုသောရည်ရွယ်ချက် ပါမှသာ ဒါနဲ့ ညိမှာပါ။ အခုဟာ အကြမ်းဖက်တာက တစ်ဘက်က၊ ဖမ်းဆီးတဲ့လူတွေက အကြမ်းဖက်တယ်၊ ဆန္ဒပြတဲ့လူက အေးချမ်းစွာ ဆန္ဒပြတယ်။”

ဆန္ဒပြ ထုတ်ဖော်မှုတွေကတော့ နေ့စဉ် နေ့တိုင်းဆိုသလို တိုင်းနဲ့ပြည်နယ်အသီးသီးမှာဖြစ်ပေါ်နေပြီး အာဏာပိုင်တွေဖက်ကလည်း ဆန္ဒထုတ်ဖော်သူတွေကို အရေးယူမှုတွေ ဆက်လုပ်နေဆဲဖြစ်ပါတယ်။